# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၆) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် ($26^{th}$ St. Petersburg International Economic Forum– SPIEF’23) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော်၊ ဇွန် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ပါဝင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတအကြံပေးနှင့် (၂၆) ကြိမ်မြောက်နိုင်ငံတကာစီးပွားရေးဖိုရမ်ကျင်းပရေးကော်မတီ၏ အမှုဆောင်အတွင်းရေးမှူးဖြစ်သူ မစ္စတာအန်တွန်ကိုဗျာကော့ဗ်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ဇွန်လ ၁၄ ရက်မှ ၁၇ ရက်အထိကျင်းပသည့် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိပါသည်။

ဖိုရမ်၏ပထမနေ့ဖြစ်သော ဇွန်လ ၁၄ ရက်၊ (၁၀:၀၀) နာရီတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရှေ့ဖျားဒေသ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ FESCO Transportation and Logistics ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအလားအလာများနှင့် ဗလာဒီဗော့စတော့ခ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများသို့ ရေကြောင်းလမ်းအသုံးပြုဆက်သွယ်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။



နံနက် (၁၁:၃၀) နာရီတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတအကြံပေး၊ ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အတွင်းရေးမှူးဖြစ်သူ မစ္စတာ အန်တွန်ကိုဗျာကော့ဗ်နှင့် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါးဆာဂီးအ်ဗစ်ရှိရှာတီရော့ဗ်နှင့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံ၊ ဆိုလာစက်ရုံနှင့် စက္ကူပျော့ဖတ်စက်ရုံတည်ဆောက်ရေးနှင့် စက်သုံးဆီဝယ်ယူရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။




ထို့နောက် (၁၈:၀၀) နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥရောပအာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆီးဂေးရီယူရီရယ်ဗိချ်ဂလာဇီးရပ်စ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union – EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် EAEU ၏ ဒေသတွင်းစီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများအား လေ့လာရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်၏ဒုတိယနေ့ဖြစ်သော ဇွန်လ ၁၅ ရက်၊ (၉:၀၀) နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် On the Road to Recycling: From Waste to Resources ဆွေးနွေးမှုအစီအစဉ်သို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ ယင်းအစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်အဖြစ်ပြောင်းလဲရန် အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် စီမံကိန်း များ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက် လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။



နံနက် (၁၀း၀၀) နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြားပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီးတို့က စာချွန်လွှာကို လက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြသည်။



နံနက် (၁၁:၀၀) နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (EAEU–ASEAN Business Dialogue) သို့ ပါဝင်တက်ရောက်ခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အီးအေအီးယူနှင့် အာဆီယံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများနှင့် ရည်မှန်းချက်များ၊ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဒီဂျစ်တယ်အသွင် ကူးပြောင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပါဝင်ဆွေးနွေးခဲ့ပါသည်။



မွန်းလွဲ (၁၂:၃၀) နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာမက်ခ်ဆင်ရယ်ရှယ်နီကိုဗ်နှင့်တွေ့ဆုံကာ ရုရှား-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ဦးစားပေးကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး၊ တတိယအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် စတုတ္ထအကြိမ်ကော်မရှင်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



(၁၄:၀၀) နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ Governor's Lounge ရှိ CenterInform JSC သို့ သွားရောက်လေ့လာခဲ့ပြီး၊ သတင်းအချက်အလက်ဝန်ဆောင်မှုလုပ်ငန်း၊ သတင်းအချက်အလက်ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်လုံခြုံရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများနှင့်လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ တင်သွင်းရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဆက်လက်တက်ရောက်လျက်ရှိပါသည်။

